# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 12, 2020 Volume 31, Number 6


**၁၂.၅.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၃ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၉၀၀၀၀ |
| ဒေါ်လာဈေး | = ၁၄၁၉/- ကျပ် |
| CBM Rate | = ၁၄၀၇.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၃.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၃.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၉.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၃.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၉၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၄၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်များကို အွန်လိုင်းမှရောင်းဝယ်မည်

သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်များကို အွန်လိုင်းမှ ရောင်းဝယ်သည့်စနစ် မကြာမီ စတင်မည်ဟု မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းသူများအသင်း (MFVP) အတွင်းရေးမှူး ဦးကျော်သူကပြောသည်။ COVID-19 ရောဂါကြောင့် နေအိမ်တွင်နေထိုင်ရန် ကန့်သတ်ချက်များအပါအဝင် တောင်သူများအလွယ်တကူရောင်းချနိုင်မည့် ဈေးကွက်တစ်ခုပေါ်ထွက်လာရန်အတွက် အွန်လိုင်းစနစ် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ "ဈေးဝယ်မယ့်သူတွေကလည်း ထွက်ဖို့မလွယ်၊ ရောင်းမယ့်သူတွေလည်း မလွယ်တဲ့အခြေအနေဖြစ်လာတယ်။ အဲဒါနဲ့တစ်ပြိုင်တည်းပဲ အင်တာနက်ပလက်ဖောင်းပေါ် တက်လာကြတယ်။ အရောင်းအဝယ်၊ အစားအသောက်မှာလည်း အွန်လိုင်းကတစ်ဆင့် ဝယ်ကြ၊ ပို့ကြပေ့ါ။ ဒါကြောင့် ကျွန်တော်တို့ သစ်သီးဝလံကဏ္ဍကိုလည်း ရောင်းတဲ့၊ ဝယ်တဲ့ကိစ္စတွေမှာ အရင်လိုမဟုတ်တော့တဲ့အတွက် တောင်သူတွေ လွယ်လွယ်ကူကူ ရောင်းလို့ရ မယ့်အခြေအနေတစ်ခုလိုလာလို့အသင်းအနေနဲ့ ဦးဆောင်ပြီး အွန်လိုင်းပလက်ဖောင်းတစ်ခုတည်ထောင်တာ" ဟု ဦးကျော်သူက ပြောသည်။

သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်များကို အွန်လိုင်းမှ မည်သူမဆို ဝယ်ယူနိုင်မည်ဖြစ်သော်လည်း ရောင်းချသူဆိုပါက MFVP အသင်းဝင်ဖြစ်ရန်လိုပြီး မဖြစ်သေးပါက အလွယ်တ ကူလျှောက်ထားနိုင်မည်ဟု ၎င်းကဆက်လက်ပြောသည်။ အွန်လိုင်း ငွေပေးချေမှုအ ပြင် အိမ်ရောက်မှ ငွေပေးချေ သည့်စနစ်ကိုလည်း ထည့်သွင်းထားပြီး Play Store တွင် MFVP အမည်ဖြင့်လည်းကောင်း၊ App Store တွင် MFVP E-comm-erce အမည်ဖြင့်လည်းကောင်း လာမည့်နှစ်ပတ်အတွင်း Down-load လုပ်၍ ဝယ်ယူရောင်းချနိုင်မည်ဟု အသင်းကကြေညာသည်။ "ရောင်းတာ၊ ဝယ်တာ မြန်မာပြည်တစ်ပြည်လုံး ဆောင်ရွက်နိုင်တယ်။ ရန်ကုန်ကို အဓိကထားပြီး Delivery ပို့မယ်။ နောက် နေ ပြည်တော်နဲ့ မန္တလေးကို ဒုတိယ အဆင့်ပေ့ါ။ ကျန်တဲ့ နယ်မြို့တွေကတော့ ကားဂိတ်အရောက်ပို့ ပေးတဲ့စနစ်ဖြစ်လာမယ်" ဟု ဦးကျော်သူကပြောသည်။

MFVP ၏ ကြေညာချက်အရ ဟင်းသီးဟင်းရွက်၊ ပန်းမန်နှင့်သစ်သီးဝလံကို အွန်လိုင်းမှတစ်ဆင့်ရောင်းချရာတွင် လက်ကားစနစ်နှင့် ပြည်ပသို့တင်ပို့သည့် အခြေအနေရောက်ရှိရန် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းအတွက်ဘဏ်များနှင့် ချိတ်ဆက်နေသည်ဟုဆိုသည်။

**Source:** https://7day.news/detail?id=185894

## ဝယ်လိုအားများ၍ ဧရာဝတီတိုင်း၌ စပါးဈေးကောင်း

ပြည်ပတင်ပို့ရန်နှင့် နိုင်ငံတော်အရန်ဆန် ဝယ်ယူသည့်အစီအစဉ်ကြောင့် ဆန်ဝယ်လိုအားများနေရာ ဧရာဝတီတိုင်းဒေသကြီး၌ နွေစပါးဈေးနှုန်းမှာ အမြင့်ဈေးသို့ရောက်ရှိနေကြောင်း သတင်းရရှိသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် မိုးစပါးပေါ်ချိန်တွင် အကြမ်းစပါးဈေးနှုန်းမှာ တင်း ၁၀၀ လျှင် အနိမ့်ဆုံး ၄ သိန်း ၅ သောင်းကျပ်မှ အမြင့်ဆုံး ၅ သိန်းကျပ် ဝန်းကျင်သာ ပေါက်ဈေးရှိခဲ့သော်လည်း လက်ရှိနွေစပါးရာသီတွင် စပါးဈေးမှာ အနိမ့်ဆုံး ၅ သိန်း ၇ သောင်းမှ ၆ သိန်း ၃ သောင်းအထိ မြင့်တက်ခဲ့ကြောင်း ဆန်စပါးကုန်သည်များထံကသိရသည်။

မြောင်းမြမြို့နယ် ဆန်စက်ပိုင်ရှင်များအသင်း ဒု-ဥက္ကဋ္ဌ အောင်ခေတ်မီ ဆန်စက်ပိုင်ရှင် ဦးရွှေထွန်းက“ဒီနှစ်က စစ်ကိုင်းတိုင်း ရွှေဘိုဘက်မှာ ရေကို စိုက်ပျိုးရေးအတွက်မပေးဘဲ လျှပ်စစ်အတွက်သုံးတော့ ရွှေဘိုနယ်ဘက်မှာ အများစုက နွေစပါးမစိုက်ဖြစ်ဘူး။ အဲဒီအတွက်ကြောင့် ဧရာဝတီတိုင်းကထွက်တဲ့ နွေစပါးက ဝယ်လိုအားပိုလာတယ်။ အရန်ဆန်ဝယ်တာကလည်းရှိနေတဲ့အတွက် စပါးဈေးက မနှစ်ကထက်စာရင် ပိုမြောက်နေတာဖြစ်တယ်” ဟု ဧရာဝတီကိုပြောသည်။ လက်ရှိတွင် ဧရာဝတီတိုင်း၌ ဆန်ကြမ်းအုပ်စုဝင် သီးထပ်ရင် စပါးမှာ တင်း ၁၀၀ လျှင် ၅ သိန်း ၇ သောင်း၊ ပခန်း စပါးမှာ ၆ သိန်း ၁ သောင်းနှင့် ဆင်းသုခစပါးမှာ ၆ သိန်း ၃ သောင်းဝန်းကျင် ပေါက်ဈေးရှိနေကြောင်းသိရသည်။ ယမန်နှစ် နွေစပါးရာသီက တင်း ၁၀၀ လျှင် ငွေကျပ် ၄ သိန်း ၇ သောင်းဝန်းကျင်သာ ရှိခဲ့သဖြင့် လက်ရှိ ပေါက်ဈေးမှာ ယမန်နှစ်ထက် ကာလတူ ပေါက်ဈေးထက် အနည်းဆုံး ကျပ် ၁ သိန်း ပိုမိုဈေးမြင့်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း စားနပ်ရိက္ခာဖူလုံမှုထက် ပိုလျှံသောဆန်များကို ပြည်ပသို့ ပမာဏအကန့်အသတ်ဖြင့် လစဉ်တင်ပို့နေပြီး လက်ရှိကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဝယ်လိုအားများနေသည့်အတွက် ဆန်ဈေးကောင်းနေကြောင်း၊ ယင်းအကျိုးဆက်အရ စပါးဈေးများ မြင့်တက်လာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်ကပြောသည်။ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် အတွင်းရေးမှူး ဦးလူမော်မြင့်မောင်က “ကမ္ဘာမှာလည်း COVID – 19 ဖြစ်နေတော့ စား နပ်ရိက္ခာအတွက် အရေးကြီးတဲ့အတွက် အော်ဒါတွေ များတယ်၊ ကမ္ဘာ့ဝယ်လိုအားများတော့ ဆန်ဈေးကောင်း လာတယ်။ ဆန်ဈေးကောင်းလို့ စပါးဈေးလည်း ကောင်းလာတာ ဖြစ်ပါတယ်။ စပါးဈေး ကောင်းတော့ တောင်သူလယ်သမားတွေ ပိုပြီး အကျိုးဖြစ်ထွန်းတာ ဝမ်းသာပါတယ်” ဟုပြောသည်။

လက်ရှိတွင် ပြည်ပသို့ ဆန်တင်ပို့မှုများ ရှိနေသလို ပြည်တွင်း၌လည်း ပြည်ထောင်စု အစိုးရက နိုင်ငံတော်သမ္မတ၏ အရေးပေါ် ရန်ပုံငွေ ၃၈ ဘီလီယံကျပ် အသုံးပြု၍ အရန်ဆန် (ဧည့်မထဆန် ၂၅ မှတ်) တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီတန်ချိန် ၁၂,၀၀၀ ကို ဧပြီလကုန်ပိုင်းမှစတင်၍ ဝယ်ယူသိုလှောင်နေကြောင်းသိရသည်။ ထိုသို့ အရန်ဆန် ဝယ်ယူရာတွင် ပြည်ပသို့ ပို့ကုန်လိုင်စင်လျှောက်ထားသည့် ဆန်လုပ်ငန်းရှင်များမှ ပြည်ပသို့တင်ပို့ရောင်းချမည့် ဆန်တန်ချိန်ပမာဏ၏ ၁၀ ရာခိုင်နှုန်းအား နိုင်ငံတော် အစိုးရထံ ပြန်လည်ပေးသွင်း ရောင်းချစေသည့်နည်းဖြင့် ဝယ်ယူနေခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် ယခုနှစ် နွေစပါးရာသီတွင် ဆန်ဝယ်လိုအားမှာ ပြည်တွင်းရော ပြည်ပကပါမြင့်တက်နေသည့်အတွက် စပါးဈေးနှုန်းများလည်း မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ကန်ကြီးထောင့်မြို့နယ် သရက်ကွင်းရေကျော်ကြီးကျေးရွာမှ လယ်သမားဦးညိုအေးက“မနှစ်က နွေစပါးနဲ့မိုးစပါးမှာ စပါးဈေးက ၅ သိန်းအောက်ဆိုတော့ ကျနော်အပါအဝင် လယ်သမားတွေ တော်တော် များများ ရှုံးကြတယ်။ အခုနှစ် စပါးဈေးနှုန်းက ကျနော်တို့လယ်သမားတွေအတွက် အရမ်းအဆင်ပြေတယ်။ ဒီနွေစပါးမှ စပါးဈေးမကောင်းရင်လည်း လယ်သမားတွေ အကုန်မွဲပြီ။ ဒီလို စပါးဈေးကောင်းအောင် နိုင်ငံတော်အစိုးရအနေနဲ့ အစဉ်တစိုက်ဆောင်ရွက်ပေးစေချင်တယ်” ဟုပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် လူဦးရေ ၆ ဒသမ ၃ သန်းကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းဝန်းကျင်ဖြစ်သည့် လူဦးရေ ၄ သန်းကျော်မှာ လယ်ယာလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်သည့် လယ်သမားမိသားစုများဖြစ်သည်။ တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၆ ခု၌ မိုးစပါးစိုက်ဧကပေါင်း ၃ ဒသမ ၇ သန်းကျော်ရှိပြီး နွေစပါးစိုက်ဧက ၁ ဒသမ ၄ သန်းခန့်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး စာရင်းများအရသိရသည်။

**Source:** https://burma.irrawaddy.com/business/2020/05/11/222369.html

## အင်းလေးခရမ်းချဉ်သီးများကို မြို့အနှံ့အပြားသို့ ကုန်ပိုသာချိန်နှစ်သိန်းခန့် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိ



အင်းလေးဒေသမှ စိုက်ပျိုးထွက်ရှိသည့် ခရမ်းချဉ်သီးများကို မြန်မာပြည် အနှံ့အပြားရှိ မြို့ကြီးများသို့ ကုန်ပိုသာချိန် နှစ်သိန်းခန့် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း ညောင်ရွှေမြို့ရှိ အောင်မြန်မာ ခရမ်းချဉ်သီးပွဲရုံကသိရသည်။ အင်းလေးဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ခရမ်းချဉ်သီးကို လမ်းကြောင်းကြီးသုံးခုဖြင့် အဓိကထား၍တင်ပို့လျက်ရှိကြောင်း၊ အများဆုံး တင်ပို့မှုမှာ မန္တလေးဖြစ် ကြောင်း၊ ထို့အပြင် မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံ ချောင်း၊ မကွေး၊ မင်းဘူး၊ ပြည်၊ ပျော်ဘွယ်၊ ပဲခူး၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ရန်ကုန်၊ ပြည်၊ ပုသိမ်၊ စစ်ကိုင်း၊ မုံရွာ၊ မြစ်ကြီးနား၊ လားရှိုး၊ မူဆယ်မြို့များသို့ အဓိကထားတင်ပို့ကြောင်း၊ ခရမ်းချဉ်ခူးဆွတ်ရောင်းချ မှု၏ ရာသီအစဖြစ်သည့် ဧပြီလတွင် ကိုဗစ်-၁၉ ကြောင့် ဈေးနှုန်းကျဆင်းမှုရှိသော်လည်း ကုန်စည်စီးဆင်းမှု ပုံမှန်လည်ပတ်နေသောကြောင့် ဈေးနှုန်းအနည်းငယ်တက်လာသဖြင့် စိုက်ပျိုးတောင်သူအတွက်သာမက ရောင်းချသူအတွက်ပါ အဆင်ပြေခဲ့ကြောင်း၊ ဝယ်ဈေးအနေဖြင့် ခရမ်းချဉ်အစိမ်းတစ်ပိသာ လျှင် ငွေကျပ် ၁၅၀ မှ ၂၅၀ အတွင်းရှိကြောင်း၊ ရောင်းဈေးအနေဖြင့် ခရမ်းချဉ်သီးအမှည့် ငွေကျပ် ၃၀၀ မှ ၃၅၀ အတွင်း ရှိကြောင်း၊ ခရမ်းချဉ်သီး၏ အရွယ်အစားခွဲခြားမှုပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိကြောင်း အောင်မြန်မာပွဲရုံလုပ်ငန်းရှင် ကိုအောင်အောင်ကပြောသည်။ အင်းလေးဒေသတွင် ခရမ်းချဉ်သီးကို ရေပေါ်ကျွန်းမျောများ၌ အဓိကစိုက်ပျိုးသီးနှံအဖြစ် အများ အပြားစိုက်ပျိုးလျက်ရှိပြီး နှစ်စဉ် ဧပြီလမှဒီဇင်ဘာလအတွင်း အများဆုံးတင်ပို့ရောင်းချကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/?hc_ref=ARTxdg8Das5IzU83H_GXh3n1kBHzi006uCtmpu1L0slS2Lc3XwquZIXa9a84LUQY8as&fref=nf&__tn__=kC-R

## နှစ်စဉ်အစီရင်ခံစာတင်ပြရန် ပျက်ကွက်ကုမ္ပဏီရှစ်ရာကျော်အား မှတ်ပုံတင်ပယ်ဖျက်

နှစ်စဉ်အစီရင်ခံစာတင်ပြရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီ ၈၀၀ ကျော်အား မှတ်ပုံတင်စာရင်းပယ်ဖျက်ခဲ့ပြီး အများစုမှာ Private ကုမ္ပဏီများဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှသိရသည်။ "လူအများစုတည်ထောင်တဲ့ကုမ္ပဏီ (Private) တွေအများစုကအခုဖျက်သိမ်းတဲ့အထဲမှာ ပါတယ်။ အနည်းစုတည်ထောင်တဲ့ကုမ္ပဏီ(Public) ကပါရင်လည်း အနည်းစုပဲပါမယ်။ရာခိုင်နှုန်းအများကတော့ လူအများစု တည်ထောင်တဲ့ကုမ္ပဏီတွေဖျက်သိမ်းခံရတာဖြစ်ပါတယ်။ ဆိုင်းငံ့ထားတဲ့ကုမ္ပဏီတွေက တစ်သောင်းကျော်ရှိတယ်။ ဆိုင်းငံ့ ထားတဲ့ကာလ ၆ လကျော်သွားရင် ကုမ္ပဏီစာရင်းပယ်ဖျက်ရမှာက ၃၀၀၀ ကျော်လောက်ရှိတယ်။ စာရင်းမပြီးသေးလို့ မလုပ်သေးတာ။ အခုပယ်ဖျက်လိုက်တာက ၈၀၀ ကျော်။ တကယ်တမ်းပယ်ဖျက်ရမှာက ၃၀၀၀ ကျော်ရှိတယ်။ ထပ်ပယ်ဖျက် ရမယ့် Private ကုမ္ပဏီတွေ အများကြီးရှိသေးတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက မြန်မာတိုင်းမ်သို့ ပြောသည်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေတို့နှင့်မှတ်ပုံတင် ထားသော တည်ဆဲကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ အားလုံးသည် မြန်မာနိုင်ငံ ကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းအရ ပြန်လည်မှတ်ပုံတင်ရန် ကာလအတွင်း တည်ဆဲကုမ္ပဏီ (သို့) အဖွဲ့အစည်းတစ်ခုအနေဖြင့် အီလက်ထရောနစ် မှတ်ပုံတင် စနစ်တွင် ပြန်လည်မှတ်ပုံတင်ခြင်းမပြုလုပ်ခဲ့ပါက မှတ်ပုံတင်အရာရှိက ထိုကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက် နိုင်ပြီး ယင်းကို ပျက်ကွက်ပါက ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားကြောင်းသိရသည်။ "ရှိသမျှကုမ္ပဏီတွေထဲမှာ Public ကုမ္ပဏီက၂၀၀ ကျော်ပဲရှိတာ။ ပယ်ဖျက်တဲ့အထဲမှာပါလည်း ရာခိုင်နှုန်းနည်းနည်းပဲပါမယ်။ Private ကုမ္ပဏီတွေက သောင်းဂဏန်းအထိရှိတယ်။ အခုစနစ်သစ်စတဲ့ လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်ခန့်လောက်ကနေစတယ်။ အခုတစ်နှစ်ကျော်ကာလ ၁၃ လကျော်ကာလမှာတင်ပြဖို့လိုတယ်။ အဲဒီအချိန်မတင်ပြရင် ပယ်ဖျက်တော့မယ်ဆိုရင် ၆ လလောက် သူ့ရဲ့လုပ်ငန်းစဉ်အရ

စောင့်တယ်။ အခုမှ Myco စနစ်သစ်အရပယ်ဖက်လိုက်တာက ကုမ္ပဏီ ၈၀၀ ကျော်ကစပါပြီ။ ကျန်တဲ့ပယ်ဖျက်ဖို့ရှိတဲ့ ကုမ္ပဏီတွေအများကြီးရှိနေပါတယ်” ဟု ဦးမျိုးမင်းကပြောသည်။

ယခုဖျက်သိမ်းလိုက်သည့် ကုမ္ပဏီမှာ ၈၁၀ ခုဖြစ်ပြီး ၂၀၁၉ ခုနှစ် မေ ၁၄ ရက်တွင်လည်း ဆန္ဒ အလျောက် ဖျက်သိမ်းခြင်း ဆောင်ရွက်ခွင့်ပြုရန် တင်ပြလာသည့်ကုမ္ပဏီ ၁၇၀ အား ကုမ္ပဏီစာရင်းမှ ပယ်ဖျက်လိုက်ကြောင်း၊ သတ်မှတ်ဥပဒေများနှင့်အညီ မှတ်ပုံတင်ထားသောကုမ္ပဏီများအားလုံး ၂၀၁၈ ခုနှစ်ဩဂုတ် ၁ ရက် မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ခြောက်လအတွင်း အီလက်ထရော နစ်မှတ်ပုံ တင်စနစ် (Myco)သစ်ဖြင့် ပြန်လည်မှတ်ပုံတင်ရန် ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/139059.html

## တရုတ်နိုင်ငံသို့ ကျွဲနွားများ မှောင်ခိုလမ်းကြောင်းမှဝင်နေမှု နိုင်ငံအတွက်နစ်နာနေ

တရုတ်နိုင်ငံသို့ ကျွဲနွားများ တရားမဝင်မှောင်ခိုလမ်းကြောင်းမှဝင် ရောက်နေကြောင်း မြန်မာနိုင်ငံကျွဲနွား တင်ပို့ သူများအသင်းမှသိရသည်။ "ကျွဲနွားတွေက မူဆယ်ဘက်ကနေ တရားဝင်မသွားဘဲနဲ့ လွယ်ကျယ် ဗန်းမော်ခရိုင် ရွှေကူ ၊ လွယ်ကျယ်လမ်းကနေ တစ်ရက်ကို အကောင် ၅၀၀ ကနေ ၂၀၀၀ ၊ တစ်ခါတလေဆိုရင် ၃၀၀၀ လောက်အထိ တရားမဝင်မှောင်ခိုလမ်းကြောင်းကနေ ပုံမှန်လိုထွက်နေတယ်။ မှောင်ခိုထွက်နေတဲ့အထဲမှာလည်း ထူးခြားတာက ပြည်တွင်းက မြန်မာနိုင်ငံသားတွေက လုပ်တာမဟုတ်ဘဲနဲ့ ၊ တရုတ်နိုင်ငံက တရုတ်ကုန်သည်တွေက ဆင်းပြီးဝယ်ကြတယ်။ လမ်းကြောင်းကို တင်ပို့တဲ့အခါမှာ အဲဒီဒေသအသီးသီးမှာ အမဲခုံလေလံဆွဲထားတဲ့သူတွေကတစ်ဆင့် သူတို့က သယ်ယူပို့ဆောင်လုပ်ပေးတယ်" ဟု မြန်မာနိုင်ငံ ကျွဲနွားတင်ပို့သူများအသင်း ဥက္ကဌ ဦးစိုးနိုင်က မြန်မာတိုင်းမ် သို့ပြော သည်။ ၂၀၁၉ ခုနှစ်တွင်ကျွဲနွားအကောင်ရေ ၅ သိန်းခန့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပြီး ယခုနှစ်အတွင်း COVID-19 ကြောင့် ကျွဲနွားတင်ပို့မှုများ ရပ်တန့်ခဲ့သည့်အတွက် ကျွဲနွားမွေးမြူသူများနှင့် ကုန်သည်များထိခိုက်နစ်နာမှုများရှိနေ ကြောင်းသိရသည်။ "မှောင်ခိုဈေးကွက်ကနေ တရုတ်တွေက သည်အထိ လာပြီးဝယ်ကြတယ်။ ကျွန်တော်တို့ကတရားဝင်ဝယ်ပါဆိုရင် သူတို့က ဟိုဟာကြောင့် ဒီဟာကြောင့်ဆိုပြီး အချိန်ဆွဲတယ်။ အခုပြည်တွင်းအထိဆင်းပြီးတော့ သူတို့နည်းလမ်းနဲ့ သူတို့ဝယ်သွား တယ်။ တရားဝင်လမ်းကြောင်းကပိတ်ထားတယ်။ တရားဝင်လမ်းကြောင့်ကသွားရင်လည်း သူတို့ကသိပ်မဝင်ကြဘူး။ ဈေးလည်းမပေးကြဘူး။ အခုက တောင်သူအတွက်လည်းအကျိုးမရှိဘူး။ နိုင်ငံတော်ကလည်းအခွန်မရဘူး။ ပြည်တွင်း ကုန်သည်တွေကလည်း ဘာမှလုပ်လို့မရဘူး" ဟု ဦးစိုးနိုင်ကပြောသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လတ်တလော သတင်းမရသေးကြောင်း COVID-19 ကာလအတွင်း တရုတ်-မြန်မာနယ်စပ်ဂိတ်များပိတ်ထားပြီး ယင်းတရားမဝင်မှောင်ခိုများနှင့်ပက်သက်၍ သက်ဆိုင်ရာများကအရေးယူ ဆောင်ရွက်မှုများရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ "ကျွဲနွားတင်ပို့မှုရပ်ထားတဲ့အတွက် အလုပ်သမားခတွေ ၊ ကျွဲနွားစာတွေကအစ နစ်နာတယ်။ အဲဒီကြားထဲမှာ တရားမဝင်ဝယ်တဲ့အခါမှာ ဈေးကတစ်ဝက်ကျိုးလောက်ပဲပေးသွားတာ။ ဝယ်မယ့်သူကလည်း သူတို့ပဲရှိတော့ ရောင်းကြရတယ်။ နိုင်ငံတော်ကလည်း တစ်ပြားမှအခွန်အခမရဘူး။ အကုန်လုံး အစစအရာရာနစ်နာတယ်" ဟု ဦးစိုးနိုင်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/139102.html

## တောင်သူများ ပြည်ပဝယ်လက်မျှော်နေရသည့် ရေနံချောင်းကြက်သွန်နီဈေးကွက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဒေသထွက်ကြက်သွန်နီ လက်ကားအရောင်းအဝယ်လုံးဝမရှိဘဲ လက်လီ အဝယ်များကိုရောင်းချနေပြီး ပြည်ပဝယ်လက်များကိုမျှော်နေရကြောင်း တောင်သူများထံမှသိရသည်။ "ကြက်သွန်အသစ်ပေါ် တာလည်း မကြာသေးပါဘူး။ တစ်လပဲရှိသေးတာ။ အရောင်းအဝယ်ကတော့ လက်လီပဲရောင်းနေရတယ်။ လက်ကားအရောင်း အဝယ်ကတော့ မရှိသလောက်ပါပဲ။ အရင်နှစ်ကာလများက ရောင်းကောင်းဝယ်ကောင်းပေါ့။ အခုတောင်သူတွေလက်မှာ ပိဿာ ၃၀၀၀ ဝန်းကျင်သာရှိသေးတယ်။ ကိုဗစ်-၁၉ ရောဂါလုံးဝကင်းစင်သွားရင် ကြက်သွန်နီပြည်ပဈေးကွက်မှဝယ်ဖို့ မျှော်လင့်

နေကြတယ်။ အရင်းက တစ်ပိဿာကျပ် ၆၀၀ ဝန်းကျင်ရှိပါတယ်"ဟု တောင်သူတစ်ဦးကပြောသည်။ လက်ရှိဈေးကွက်တွင် တောင်သူများအနေဖြင့် ငွေပေါ်ငွေလိုသူတောင်သူများက ကြက်သွန်နီကို လက်လီအဖြစ်ထုတ်ရောင်းကြပြီး ဖုန်းဖြင့်မှာကာ အိမ်တိုင်ရာရောက်ပို့နေရကြောင်းသိရသည်။ လက်လီဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၆၀၀ သာရှိပြီး နှစ်ဆန်းပိုင်းက တစ်ပိဿာ ကျပ် ၁၂၀၀ ဝန်းကျင်ရှိခဲ့ကြောင်းသိရသည်။

ရေနံချောင်းမြို့နယ်တွင် မိုးနှောင်းစိုက်ဥပျံ ကြက်သွန်အပြင် ဥစိုက်ကြက်သွန်ဧက၃၀၀၀ ဝန်းကျင်ရှိပြီး မြစ်သား၊ ဆိပ်ဖြူ၊ ပခုက္ကူမြို့များနှင့်အပြိုင် ကြက်သွန်ကြာရှည်ထားသိုခံခြင်း၊ အရည်အသွေးကောင်းခြင်းများကြောင့် ပြည်တွင်းပြည်ပမှ ကြိုက်နှစ်သက်ကြကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ငဖဲမြို့နယ်၌ ကော်ဖီစိုက်ဧက ၁၄၂၂.၃၆ ဧကစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ် တောင်ပေါ်ဒေသတွင်ကော်ဖီစိုက်ဧက ၁၄၂၂.၃၆ ဧကစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။ ငဖဲမြို့နယ်တောင်ပေါ်(နတ်ရေကန်)ဒေသသည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၈၁၉ ပေတွင် တည်ရှိပြီး ကော်ဖီ၊ လက်ဖက်၊ ထောပတ်၊ ကမ္ဘလာ၊ ရှောက်ချို၊ငရုတ်၊ ငှက်ပျော စသည့် နှစ်ရှည်သီးနှံပင်များကို အများဆုံးစိုက်ပျိုးကြသည်။ ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၊ နတ်ရေကန် (ကော်ဖီခြံ)တွင် အာရေဗီးကား (ဗီယက်နမ်)မျိုး ကုန်းမြင့် ကော်ဖီ ၂၉.၃၆ ဧကစိုက်ပျိုးထားပြီး တောင်ပေါ်ဒေသ ကျေးရွာများတွင် ပုဂ္ဂလိကစိုက်ဧက ၁၃၉၃ ဧက စိုက်ပျိုးထားသည်။ အရည်အသွေးမြင့် ရောင်းတန်းဝင် ကော်ဖီအဖြစ်စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် တောင်သူ နည်းပညာပေးသင်တန်း(၂)ကြိမ်နှင့် ကွင်းသရုပ်ပြပွဲ (၃)ကြိမ် သင်ကြား ပြသပေးကြောင်း နှစ်စဉ် ကော်ဖီ စိုက်ဧက တိုးတက်လာသလို အထွက် နှုန်းတိုးတက်လာခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၄၅ တန် နီးပါးထွက်ရှိပြီး နှစ်စဉ်သိန်း ၁၅၀၀ ခန့် တောင်သူများ ဝင်ငွေရရှိကြောင်း၊ ကော်ဖီပင်နဲ့ ဆက်စပ်ပြီး ထောပတ်၊ ဂဥ၊ လိုက်ချီး၊




လက်ဖက်နှစ်ရှည်သီးနှံပင်များကြားညှပ်စိုက်ပျိုးကြ၍ တောင်ပေါ်ဒေသခံပြည်သူများ မိသားစုစားဝတ်နေရေး အဆင်ပြေကြောင်း၊ ယခုကိုဗစ်-၁၉ကာလတွင် ဌာနအနေဖြင့် တစ်ပတ်လျှင်ကျေးရွာ ၃ ရွာမှ တောင်သူများအား တစ်ရက်လျှင် ၂ ဦးနှုန်းခေါ်ယူ၍ ကော်ဖီမြေပြုပြင်ခြင်း၊ စိုက်ကျင်းတူးခြင်း၊ ရေခံတားကျင်းများဆောင်ရွက်ခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်နည်းများ သင်ကြားပြသပေးကြောင်းနှင့် ယခုနှစ်မိုးရာသီအမီ တောင်သူများစိုက်ပျိုးနိုင်ရေးအတွက် ကော်ဖီခြံတွင် ကော်ဖီပင်နှင့် အခြားအရိပ်ရပျိုးပင်ပေါင်း ခြောက်သောင်းကျော်ပျိုးထောင်ထားရှိပြီး အချိန်မီဖြန့်ဝေပေး သွားမည်ဖြစ်ကြောင်း" ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းကပြောကြားသည်။

ငဖဲမြို့နယ် နတ်ရေကန်(ကော်ဖီခြံ)မှတစ်နှစ်လျှင် ကော်ဖီစေ့(၂.၅)တန် နှင့်ပုဂ္ဂလိကစိုက်ခင်းများမှ (၄၂.၅)တန် စုစုပေါင်း (၄၅)တန် ထွက်ရှိပြီး ၎င်းကော်ဖီများကို ရွာငံ၊ ရေနံချောင်းနှင့်ပြင်ဦးလွင်မြို့နယ် ဈေးကွက်များသို့ တစ်တန်လျှင် သိန်း ၃၀ နှုန်း ဖြင့်တင်ပို့ရောင်းချရကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းကို ချင်းတွင်းမြစ်အတွင်း အများဆုံးလုပ်ကိုင်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းများကို ချင်းတွင်းမြစ်အတွင်းမှ အများဆုံး ထုတ်ယူလုပ်ကိုင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုး၏ ပြောကြားချက်အရသိရသည်။ "မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းကို တစ်နှစ်တစ်ကြိမ်ခွင့်ပြု



ပေးတယ်၊ မြစ်သဲကျောက်ထုတ်လုပ်မယ့် ဧရိယာတွေက ရေလမ်းကြောင်းကို ထိခိုက်မှုရှိ/မရှိကို ကျွန်တော်တို့ဌာနက ကွင်းဆင်းစစ်ဆေးရတယ်၊ ရေလမ်းကြောင်းနဲ့လွတ်ကင်းတယ်ဆိုရင် ကျွန်တော်တို့ကထောက်ခံပေးရတယ်၊ လုပ်ကိုင်ခွင့် ကိုတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးကထုတ်ပေးတယ်၊ ချင်းတွင်းမြစ်ထဲမှာ မြစ်သဲကျောက်ထုတ်ယူမှုက အများဆုံး ဖြစ်ပါ တယ်၊ မြို့နယ်အနေနဲ့ဆိုရင် မုံရွာဧရိယာအတွင်းမှာ အများဆုံးလုပ်ကိုင်ကြတယ်၊ လုပ်ငန်းရှင် ၇၀ လောက်ရှိတယ်၊ ကျွန်တော်တို့ ဌာနအနေနဲ့က ရေလမ်းကြောင်းပျက်စီးမှုလည်းမရှိရအောင် စနစ်တကျနဲ့ထုတ်လုပ် နိုင်အောင် ကွင်းဆင်းစစ်ဆေးမှုတွေလုပ်ဆောင်ပြီး ဧရိယာသတ်မှတ်ပေးတဲ့ နေရာတွေမှာပဲ ထုတ်လုပ်ကြဖို့ပြောရပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသ ကြီးဦးစီးမှူး ဦးကျော်စိုးကပြောသည်။

မြစ်သဲကျောက်ထုတ်ယူမှုအနေဖြင့် ချင်းတွင်းမြစ်အတွင်း ရှစ်နေရာတွင်လည်းကောင်း၊ မူးမြစ်အတွင်းသုံးနေရာနှင့် ၎င်းမြစ်များအတွင်းသို့ စီးဝင်လျက်ရှိသော ချောင်းများအတွင်းမှ ခုနစ်နေရာတွင်လည်းကောင်း စုစုပေါင်း ၁၈ နေရာ တို့တွင် မြစ်သဲကျောက်ထုတ်ယူသုံးစွဲခြင်းများကို လုပ်ကိုင်ခွင့်များလျှောက်ထားပြီး လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကြာတကန်ကျေးရွာတွင် မြေအောက်ရေဖြင့်စိုက်ပျိုးသည့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကြာတကန်ကျေးရွာတွင် မြေအောက်ရေဖြင့်စိုက်ပျိုးသော နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ "ကျွန်တော်မြေအောက် ရေတူးပြီး နှမ်း သုံးဧက စိုက်ပျိုးထားပါတယ်။ နှမ်းစိုက်ခင်းကို မတ်လဆန်းပိုင်းက စတင် စိုက်ပျိုးခဲ့ကာ အခုဆို နှစ်လသားရှိပြီး အောင်မြင်နေပါတယ်။ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနကလည်း ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ မြေအောက်ရေရရှိရေး ဆောင်ရွက်ပေးနိုင်ပါက တောင်သူတွေနွေသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်မှာဖြစ်ပါ တယ်"ဟု နှမ်းစိုက်တောင်သူ ဦးမြသာကပြောသည်။

အဆိုပါ နွေသီးနှံစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်ရရှိရန်ဆောင်ရွက်ပေးခြင်း၊ ကိုဗစ်-၁၉ ကာလအလွန် တောင်သူများအခက်အခဲမရှိစေ ရန်နှင့် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများ အချိန်မီကာကွယ်ရန်ကွင်းဆင်းဆောင်ရွက်ခြင်း၊ သဘာဝမြေဆွေးပြုလုပ်နည်းလက်တွေ့ပြသခြင်း၊ GAP သီးနှံဖြစ်စေရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## အောင်လံမြို့နယ်၌ ဇေယျာမြစ်ရေတင်လုပ်ငန်းမှရေဖြင့် နွေစပါးများအောင်မြင်ဖြစ်ထွန်း



မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ နွေသီးနှံဧက ၃၇၀၀ အား မြစ်ရေတင် လုပ်ငန်းလေးခုဖြင့် စိုက်ပျိုးရေပေးဝေရန်လျာထားခဲ့သော်လည်း ယခုအခါ လျာထား ဧကထက် ပြည့်မီ ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်းသိရသည်။ ယင်းတို့အနက် ဇေယျာမြစ်ရေတင်လုပ်ငန်းသည် ယခုနှစ် နွေရာသီတွင် လျာထားဧက ၅၅၀ သာရှိသော်လည်း နွေစပါးဧက ၆၅၀ အထိ လျာထား ဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရေပေးဝေမှုတွင် ခန့်မှန်းမီတာယူနစ် ကုန်ကျစရိတ်မှာ တစ်ကေလျှင် ကျပ် ၄၀၀၀၀ နှုန်းခန့်သာရှိပြီး ရေမြောင်းများ ကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေရယူရာတွင် အခက်အခဲမရှိခြင်း၊ အချိန် ရာသီအလိုက် လိုအပ်သောအချိန်တွင် စိုက်ခင်းများ သို့ ရေပေးသွင်းနိုင်ခြင်းတို့ကြောင့် တစ်ကေအထွက်နှုန်းတိုးတက်လာပြီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက် ရှိလာခြင်း ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကျော်က ပြောသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ဖာပွန်ကျေးရွာ၌ ဂန္ဓမာပန်းများ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၍ မိသားစုပံ့မနိုင်ငွေရရှိ



ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဖာပွန်ကျေးရွာတွင် ဒေသခံပြည်သူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဂန္ဓမာပန်းများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသောကြောင့် မိသားစုစားဝတ်နေရေးအတွက် ပံ့မနိုင်ငွေများ ရရှိကြောင်း သိရသည်။

ဂန္ဓမာပန်းများကို မိမိတို့အိမ်ရှိမြေကွက်လပ်၌ ဇန်နဝါရီလတွင် စတင် စိုက်ပျိုးပြီး ဧပြီလသို့ရောက်ရှိချိန်တွင် ပန်းများကို စတင်ခူးဆွတ်၍ ရောင်းချလျက်ရှိသည်။ အပင်ပေါင်း ၃၀၀၀၀ ခန့် စိုက်ပျိုးထားရှိပြီး တစ်ပင်လျှင် ၂၀၀ ကျပ်နှုန်းရရှိကာ ပန်းရောင်းသူများက သုံးပင်ကို ၁၀၀၀ ကျပ်နှုန်းဖြင့် ပြန်လည်ရောင်းချလျက်ရှိကြောင်း၊ တစ်နှစ်လျှင် ပန်းရောင်းရငွေ သိန်း ၂၀ ခန့်ရရှိသည့်အတွက် အကျိုးအမြတ်များရရှိပြီး မိသားစုဝင်ငွေများ အဆင်ပြေလျက် ရှိကြောင်း ပန်းစိုက်သူဒေါ်မလေးထံမှသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကိုရီးယားလေကြောင်းလိုင်း Korean Air မှနိုင်ငံတကာလေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်

ကိုရီးယားသမ္မတနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ အမြင့်ဆုံးအချိန်ကာလကို ကျော်ဖြတ်နိုင်တော့မည်ဟု ယူဆရသည့်အတွက်တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းလေကြောင်း လိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် Korean Air မှ လာမည့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း ၄င်းတို့၏ နိုင်ငံတကာလေကြောင်းခရီးစဉ်အချို့ကိုပြန်လည်ဖွင့်လှစ်ပြေးဆွဲသွားမည်ဟု ၇-၅-၂၀၂၀ ရက်နေ့ တွင်ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ကုမ္ပဏီ၏ဖော်ပြချက်တွင် ကိုရီးယားလေကြောင်းလိုင်း Korean Air သည် ခရီးသည်များသွားလာမှု သိသိသာသာ ကျဆင်းသွားခြင်းကို ကုန်စည်ပို့ဆောင်ရေးတိုးမြှင့်ခြင်းမှတစ်ဆင့် ပြန်လည်ကုစားဆောင်ရွက်နိုင်ရန် ၄င်း၏ နိုင်ငံတကာသို့ ပျံသန်းသည့်ခရီးစဉ် (၁၉ )ခုကို လာမည့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ပြန်လည်စတင်ရန် စီစဉ်နေကြောင်း၊ ပြန်လည် ဖွင့်လှစ်မည့် ခရီးစဉ်များတွင် Washington D.C.၊ Seattle၊ Vancouver၊ Toronto၊ Frankfurt၊ Singapore၊ Beijing နှင့် Kuala Lumpur တို့ပါဝင်မည်ဖြစ်သည့်အပြင် မြန်မာနှင့် ဗီယက်နမ်နိုင်ငံများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ထိုအစီအစဉ်သည် COVID-19 ဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့်ပြုလုပ်ခဲ့ရသည့် ကန့်သတ်ချက်များကို နိုင်ငံအများစုကဖြေလျော့ပေးလိုက်သည့်နောက်တွင် တိုးတက်လာမည့် ခရီးသွားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ရည်ရွယ်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ကိုရီးယားလေကြောင်းလိုင်း Korean Air အနေဖြင့်လက်ရှိတွင်ရက်သတ္တပတ်(၁)ပတ်လျှင် နိုင်ငံတကာသို့ပျံသန်းမည့် လမ်းကြောင်း(၁၃)ခု၌ လေယာဉ်ခရီးစဉ်(၅၅)ခုစီစဉ်ထားပြီး၊ ယခင်ကိုရိုနာဗိုင်းရပ်စ်၏ ရိုက်ခတ်မှုမတိုင်ခင်က ခရီးဝေး လမ်းကြောင်း(၁၁၀)ခု၌ လေယာဉ်ခရီးစဉ် (၉၀၀) ခန့်ပြေးဆွဲနေခဲ့ခြင်းနှင့်နှိုင်းယှဉ်လျှင် သိသိသာသာလျော့နည်းသွားပါကြောင်း၊ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှစတင်၍ နိုင်ငံတကာသို့ပျံသန်းသည့်လမ်းကြောင်း (၃၂)ခုတွင် လေယာဉ် ခရီးစဉ်(၁၄၆) ခုဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့နိုင်ငံအများစုမှ ၄င်းတို့၏နိုင်ငံအဝင်အထွက်များကိုကန့်သတ်ခဲ့ခြင်း (သို့မဟုတ်) ဝင်ရောက်လာမည့် ခရီးသည်များနှင့်ပတ်သက်၍အခြားသောကန့်သတ်တိုင်းတာချက်များပြုလုပ်ခဲ့ခြင်းစသည်တို့ကြောင့် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် နိုင်ငံတကာသို့ပျံသန်းသည့် လေကြောင်းခရီးစဉ် ၉၀ ရာခိုင်နှုန်းကျော်ကို ရပ်နားထားခဲ့ရပါသည်။

ကိုရီးယားလေကြောင်းလိုင်းကယင်း၏ကုမ္ပဏီအားကယ်တင်နိုင်ရန် ကြိုးစားအားထုတ်မှု အစိတ်အပိုင်းတစ်ခုအဖြစ် လုပ်သားအင်အား (၂၀၀၀၀) ၏ ၇၀ ရာခိုင်နှုန်းကို ခွင့် (၆)လပေးခြင်းအား ၇-၅-၂၀၂၀ ရက်နေ့မှစတင်ခဲ့ပြီး လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်ကိုကာမိစေရန် အဓိကမဟုတ်သော ပိုင်ဆိုင်မှုအချို့ရောင်းချသည့်အစီအစဉ်များကိုပြုလုပ်ခဲ့ကြောင်း၊ ကိုရီးယား ငွေကြေး၏တန်ဖိုးလျော့ခြင်းနှင့် ဝယ်လိုအားနည်းခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ်အတွင်း ကိုရီးယားလေကြောင်းလိုင်း၏ အသားတင် ဆုံးရှုံးမှုမှာ ကိုရီးယားဝမ် (၆၂၄) ဘီလီယံအထိရှိခဲ့ပြီး၊ ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၈ ခုနှစ်တွင် (၁၈၅.၆၅) ဘီလီယံ ဆုံးရှုံးခဲ့ခြင်းထက်ပင် ပိုမိုများပြားခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ပထမသုံးလပတ်၏ရလဒ်ကို မကြာမီထုတ်ဖော်ကြေညာသွားမည် ဖြစ်ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့**

## Remdesivir ဆေးဝါးကို မေလပထမအပတ်အတွင်း အတည်ပြုရန် ဂျပန်ကြိုးပမ်း

ဂျပန်အစိုးရသည် Remdesivir ဆေးဝါးကို ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကုသဆေးအဖြစ် မေလပထမအပတ်အတွင်း အတည်ပြုရန် ကြိုးပမ်းနေကြောင်း၊ အမေရိကန်ဆေးဝါးကုမ္ပဏီတစ်ခုက မေလ ၄ ရက်နေ့ (တနင်္လာနေ့) တွင် အဆိုပါ ဆေးဝါးနှင့်ပတ်သက်၍ လျှောက်လွှာတင်သွင်းခဲ့ကြောင်း၊ အကြံပေးအဖွဲ့၏ အတည်ပြုချက်ရရှိပါက အဆိုပါဆေးဝါးကို တရားဝင်အသုံးပြုရန်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီး Mr. Kato Katsunobu က ပြောကြားခဲ့ပါသည်။

Remdesivir ဆေးဝါးကို အီဘိုလာရောဂါကူးစက်ခံရသူများအားကုသရန် အမေရိကန်အခြေစိုက် Gilead Sciences ကုမ္ပဏီက တီထွင်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါဆေးဝါးကို ကိုရိုနာကပ်ရောဂါအတွက် အရေးပေါ်သုံးရန်ဆေးဝါးအဖြစ် မေလ ၂ ရက်နေ့က အမေရိကန်ပြည်ထောင်စုတွင်ခွင့်ပြုခဲ့ပြီးနောက် ဂျပန်အစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသော လူနာများအားကုသရန် အလားအလာရှိသည့်ဆေးဝါးအဖြစ် အလျင်အမြန်အတည်ပြုနိုင်ရေး စတင်ဆောင်ရွက်ခဲ့ပါသည်။

ဂျပန်နိုင်ငံအတွက် ဖြန့်ဝေပေးနိုင်မည့် ဆေးဝါးပမာဏနှင့်ပတ်သက်၍ အမေရိကန်ကုမ္ပဏီနှင့် ချိတ်ဆက်ညှိနှိုင်းကာ နိုင်ငံအတွက် မြန်မြန်ဆန်ဆန်နှင့်လုံလုံလောက်လောက်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Kato Katsunobu က ပြောကြားခဲ့ပါသည်။

**Source: The Cabinet Office of Japan, The Prime Minister's Office of Japan, METI, Japan,The Japan Times, The Japan News, The Asahi Shimbun, The Nikkei Asian Review, The NHK World,The NNA Asia News.**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အိန္ဒိယနိုင်ငံ၌ အသွားအလာကန့်သတ်မှု ၁၄ ရက် ထပ်မံတိုးမြှင့်လျက်ဇုန်နယ်မြေများ သတ်မှတ်ဆောင်ရွက်ခြင်း

အိန္ဒိယနိုင်ငံ၌ COVID-19 ဗိုင်းရပ်စ်ကူးစက်မှုအား ထိရောက်စွာ တားဆီးထိန်းချုပ်နိုင် ရန်အတွက် နိုင်ငံတစ်ဝန်းလုံး ဆက်သွယ်သွားလာမှုများ ကန့်သတ်တားမြစ်ခြင်းကို ၂၅.၃.၂၀၂၀ နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ဒုတိယအကြိမ် (၁၉) ရက် သတ်မှတ်မှုမှာ မေလ ၃ ရက်နေ့တွင် ပြည့် မြောက်သဖြင့် တတိယအကြိမ်အဖြစ် ၄.၅.၂၀၂၀ နေ့မှ နောက်ထပ် (၁၄) ရက် ထပ်မံသတ်မှတ်ကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနက ၁.၅.၂၀၂၀ နေ့၌ အမိန့်ကြော်ငြာစာထုတ်ပြန်လိုက်ပါသည်။

ထိုသို့ အမိန့်ထုတ်ပြန်ရာတွင် နိုင်ငံအတွင်း ဆက်သွယ်သွားလာမှုများ တားမြစ်ကန့်သတ်မှုမှ ဖြေလျော့မှုပေးမည့် ဇုန်နယ်မြေများနှင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းများအားခွဲခြားသတ်မှတ်သည့် လမ်းညွှန်ချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ အဆိုပါလမ်းညွှန်ချက်အရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အခြေအနေပေါ်မူတည်လျက် နိုင်ငံတစ်ဝန်းလုံးရှိ ခရိုင်များကို အနီ၊ လိမ္မော်နှင့်အစိမ်းဟူ၍ အရောင် ၃ အုပ်စုခွဲခြားထားသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းခံရပြီး ရောဂါပျောက်ကင်းသက်သာမှု

မရှိသေးသူ လူဦးရေပမာဏ၊ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းထား၊ ရောဂါကူးစက်မှုရှိမရှိ စမ်းသပ် စစ်ဆေးမှုပမာဏနှင့် ခြေချုပ်ထားရှိလျက် စောင့်ကြည့်လေ့လာခံရသူအရေအတွက်စသည့်အချက်များ မြင့်မားသည့်ဒေသများအား အနီရောင်ဇုန်နယ်မြေအုပ်စုအဖြစ်သတ်မှတ်ထားပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမရှိသေးသော ခရိုင်များ သို့မဟုတ် ၂၁ ရက်တာကာလအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသည့် အတည်ပြုလူနာမရှိသောဒေသများအား အစိမ်းရောင်ဇုန်နယ်မြေအုပ်စုတွင် ထည့်သွင်းထားသည်။ ၎င်းသတ်မှတ်ချက်၌ပါဝင်ခြင်းမရှိသောဒေသများမှာ လိမ္မော်ရောင်ဇုန်နယ်မြေအုပ်စု၌ ကျရောက်မည်ဖြစ်သည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်းရှိ ခရိုင်စုစုပေါင်း ၇၃၃ ခုအနက် ၁၃၀ အား အနီရောင်ဇုန်အုပ်စုတွင်လည်းကောင်း၊ ခရိုင် ၃၁၉ ခုအား အစိမ်းရောင်ဇုန်နယ်မြေအုပ်စု၌လည်းကောင်း ထည့်သွင်းသတ်မှတ်ခဲ့ရာ ဒေလီ၊ မွန်ဘိုင်း၊ ချန်နိုင်း၊ ကိုလ်ကတ္တား၊ ဟိုက်ဒရာဘတ်၊ ဘန်ဂလော၊ အာမက်ဒါဘတ်စသည့် မြို့ကြီးများအားလုံးသည် အနီရောင်ဇုန်အုပ်စုအတွင်းကျရောက်လျက်ရှိသည်။ လက်ရှိသတ်မှတ်ထားမှုအရ အနီရောင်ဇုန်နယ်မြေ ခရိုင် ၁၃၀ ခုမှာ ပြည်နယ် ၂၂ ခုတွင် တည်ရှိပြီး တစ်နိုင်ငံလုံးရှိ လူဦးရေ၏ သုံးပုံတစ်ပုံ (သန်း ၄၀၀) ခန့် နေထိုင်လျက်ရှိသည်။ အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနသည် COVID-19 ကူးစက်မှုအား ထိန်းချုပ်နိုင်မှုအခြေအနေကို အပတ်စဉ်သုံးသပ်လျက် ခရိုင်များ၏ဇုန်နယ်မြေအရောင် ပြင်ဆင်သတ်မှတ်ခြင်းကို ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။

ဆက်သွယ်သွားလာမှုများ တားမြစ်ကန့်သတ်သည့် lockdown ကာလအတွင်း ပြည် တွင်းနှင့် ပြည်ပ လေကြောင်းဖြင့် ခရီးသည်ပို့ဆောင်မှု၊ ခရီးသည်တင်ရထားပို့ဆောင်မှု၊ ပြည်နယ် များအကြား အများပြည်သူသုံး ခရီးသည်ပို့ဆောင်မှု၊ မြို့ပြများရှိ ရထားပို့ဆောင်မှု၊ ပုဂ္ဂလိက တစ်ဦးချင်း၏ ပြည်နယ်များအကြား သွားလာမှုတို့ကို တားမြစ်ပိတ်ပင်ထားသည်။ ထို့အပြင် Online learning စနစ်ဖြင့် သင်ကြားမှုမှအပ စာကျောင်းများကို ပိတ်ထားမည်ဖြစ်ပြီး ဟိုတယ်ဝန်ဆောင်မှုများ၊ စားသောက်ဆိုင်များ၊ ဈေးများ၊ ရုပ်ရှင်နှင့် ကဇာတ်ရုံကဲ့သို့ ဖျော်ဖြေရေးနေရာ များ၊ အများပြည်သူဆိုင်ရာ ဘာသာရေးဝတ်ပြုမှုနေရာများကိုလည်း ဆက်လက်ပိတ်ထားမည်ဖြစ်သည်။

အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ထုတ်ပြန်ချက်အရ အနီရောင်ဇုန်နယ်မြေအတွင်း ဆက်သွယ်သွားလာမှု အထူးကန့်သတ်ထိန်းချုပ်ထားသည့် Containment zones ဒေသများမှအပ ကျန်နေရာဒေသများ၌ စီးပွားရေးရာသွားလာလုပ်ဆောင်မှုများအား ရောဂါကာကွယ်ထိန်းချုပ်ရေး အစီအမံများဖြင့် ဆောင်ရွက်ခွင့်ပြုကြောင်း အောက်ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

(က) ပုဂ္ဂလိက ရုံးလုပ်ငန်းများအား ဝန်ထမ်းအင်အား ၃၃% ထက်မပိုပဲ လုပ်ကိုင်ခြင်း၊

(ခ) လေးဘီးတပ် မော်တော်ယာဉ်၌ ယာဉ်မောင်းနှင်သူ အပါအဝင် စုစုပေါင်း ၃ ဦးသာ လိုက်ပါစီးနင်းရန်နှင့် နှစ်ဘီးတပ်ယာဉ်အတွက် မောင်းနှင်သူ တစ်ဦးတည်းကိုသာခွင့်ပြုခြင်း၊

(ဂ) မြို့ပြဒေသများရှိ အထူးစီးပွားရေးဇုန်များနှင့် ပို့ကုန်ဦးစားပေးစက်မှုဇုန်များ၌ ဆေးနှင့်ဆေးပစ္စည်းများအပါအဝင် အရေးကြီးကုန်စည် ထုတ်လုပ်မှုလုပ်ငန်းများ၊ IT Hardware ထုတ်လုပ်မှုများ၊ ဂုန်လျှော်ပစ္စည်းလုပ်ငန်းများနှင့် ထုပ်ပိုးပစ္စည်းလုပ်ငန်းများအား အကန့်အသတ်ဖြင့်ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသများ၌ စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) တည်ဆောက်ရေးလုပ်ငန်းများအား ကျေးလက်ဒေသများ၌ လုပ်ကိုင်ခွင့်ပြုပြီး မြို့ပြဒေသများတွင်မူ ပြင်ပလုပ်သားခေါ်ယူခြင်းမပြုပဲ လုပ်ငန်းခွင်တည်နေရာရှိ လုပ်သားအင်အားဖြင့်သာ ဆောင်ရွက်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(င) နေအိမ်ဈေးဆိုင်များနှင့်လုံးချင်းသီးသန့်ဈေးဆိုင်များတွင် အရေးကြီးကုန်စည်နှင့်အခြားကုန်စည်များအား ရောင်းချခြင်း၊

(စ) အရေးကြီးကုန်စည်များအား E-commerce စနစ်ဖြင့် ရောင်းချခြင်း၊

(ဆ) ကာကွယ်ရေး၊ လုံခြုံရေးဝန်ဆောင်မှု၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ မီးသတ်၊ မြူနီစီပယ်ဝန်ဆောင်မှုစသည့်ဌာနများမှအပ အခြားအစိုးရဌာနဆိုင်ရာများ၌ ဒုတိယအတွင်းဝန်နှင့်အထက် အရာရှိအားလုံးနှင့် အခြားအဆင့် ဝန်ထမ်းအင်အား ၃၃% ထက်မပိုပဲ လုပ်ငန်းများဆောင်ရွက်ခြင်း။

လိမ္မော်ရောင်ဇုန်နယ်မြေများတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး အစီအမံများနှင့်အတူ အထက်ပါ အနီရောင်ဇုန်၌ ခွင့်ပြုထားသည့် လုပ်ငန်းများအပြင် အငှားမော်တော်ယာဉ်များအား ယာဉ်မောင်းနှင့်သူအပါအဝင် စုစုပေါင်း ၃ ဦးသာ လိုက်ပါစီးနင်းခွင့်ပြုခြင်း၊ ပုဂ္ဂလိကတစ်ဦးချင်း၏ ခွင့်ပြုထားသည့်လုပ်ငန်းအတွက် ခရိုင်အချင်းချင်းကြား ဆက်သွယ်သွားလာခြင်းတို့ကို လုပ်ဆောင်ခွင့်ပြုထားသည်။ အစိမ်းရောင်ဇုန်နယ်မြေများတွင် lockdown ပြုလုပ်ထားစဉ်ကာလအတွင်း တားမြစ်ထား သည့်လုပ်ငန်းများမှအပ ကျန်လုပ်ငန်းများအားလုံးကိုဆောင်ရွက်ခွင့်ရှိပြီး အများပြည်သူသုံး ဘတ်စ်ကားများ၌ ယာဉ်ပေါ်ရှိ ထိုင်ခုံနေရာစုစုပေါင်း၏ ၅၀% အထိနှင့် ဘတ်စ်ကားဂိတ်များတွင် ခရီးသည်ဝန်ဆောင်မှု ၅၀% အထိဖြင့် လုပ်ကိုင်ခွင့်ရှိမည်ဖြစ်သည်။

အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနသည် အများပြည်သူဆိုင်ရာနေရာများနှင့် လုပ်ငန်းခွင်များ၌ လူပုဂ္ဂိုလ်တစ်ဦးချင်းက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက် ၁၉ ရပ်ကိုလည်း လမ်းညွှန်ချက်၌ နောက်ဆက်တွဲဖြင့်ထုတ်ပြန်ခဲ့ပြီး ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေ အစိုးရအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် အမိန့်ကြော်ငြာစာပါအချက်များအား တိကျစွာ လိုက်နာ ဆောင်ရွက်စေရေး ကြပ်မတ်လုပ်ဆောင်ရန်နှင့် ဖေါက်ဖျက်ကျူးလွန်သူများအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူရန်ညွှန်ကြားထားကြောင်းသိရှိရပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

Source: 1. 130 districts identified as Covid-19 hotspots home to nearly 400 million, 2 May 2020, Hindustan Times

2. Order No. 40-3/2020-DM-I (A) dated 1st May 2020 of Ministry of Home Affairs of India

## နှာခေါင်းစည်းများအား ဒေသတွင်းအခမဲ့ပံ့ပိုးပေးနေခြင်းကြောင့် ပြန်လည်စဉ်းစားရမည့်လုပ်ငန်းများ

ဟောင်ကောင်ဒေသအစိုးရမှ ပြန်လည်အသုံးပြုနိုင်သည့် နှာခေါင်းစည်းများနှင့်တစ်ခါသုံး နှာခေါင်းစည်းများကို ဟောင်ကောင်ဒေသရှိ အိမ်ထောင်စုများအား အခမဲ့ဖြန့်ဝေပေးသွားမည်ဟုကြေငြာခဲ့ကြောင်း၊ အိမ်ထောင်စုတိုင်းအတွက် အခမဲ့ဖြန့်ဝေရာတွင် ပြန်လည်အသုံးပြု၍ရသည့် နှာခေါင်းစည်းများကို (၁) ဦးလျှင် (၁) ခုစီရရှိမည်ဖြစ်ပြီး တစ်ခါသုံး နှာခေါင်းစည်းများကို တစ်ခါသုံးနှာခေါင်းစည်း (၁၀) ခုပါမည်ဖြစ်ကြောင်း၊ ပြန်လည်အသုံးပြုနိုင်သည့် နှာခေါင်းစည်းများအား အကြိမ် (၆၀) အထိ ရေလျှော်၍ ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ COVID-19 ဖြစ်ပွားချိန်မှစတင်၍ နှာခေါင်းစည်းကိုသာ ထုတ်လုပ်ရောင်းချနေသော လုပ်ငန်းရှင်များအတွက် ဖိအားဖြစ်နိုင်ကြောင်း၊ ဟောင်ကောင်ဒေသတွင် နှာခေါင်းစည်း ဝယ်လိုအားလျော့နည်းလာမည်ဖြစ်ရာ ဟောင်ကောင်လုပ်ငန်းရှင်များသည် နှာခေါင်းစည်းများအား ပြည်ပသို့တင်ပို့ရောင်းချရန် စဉ်းစားလာကြောင်း၊ နှာခေါင်းစည်းအခု (၅၀) ပါရှိသည့် ဘူးတစ်ဘူး၏ဈေးနှုန်းမှာ ပုံမှန်အချိန်တွင် တစ်ဘူးလျှင် ဟောင်ကောင် ဒေါ်လာ (၅၀) ဒေါ်လာသာရှိရာမှ COVID-19 စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် တစ်ဘူးလျှင် ဟောင်ကောင် ဒေါ်လာ (၄၀၀) အထိမြင့်တက်ခဲ့ကြောင်း၊ သို့ဖြစ်ရာ နှာခေါင်းစည်းထုတ်လုပ်သူ (၂၀) ကျော်အထိရှိခဲ့ကြောင်း၊ ပြန်လည် အသုံးပြု၍ရသည့် နှာခေါင်းစည်းများမှာ ရေလျှော်ရန်နှင့် ရေခြောက်မည့်အချိန်ကို စောင့်ရမည်ဖြစ်ကြောင်း၊ အပြင်ထွက်ခါနီး အချိန်တွင် လျှော်ထားသည့်နှာခေါင်းစည်း မခြောက်လျှင် တစ်ခါသုံးနှာခေါင်းစည်းကို အသုံးပြုရမည်ဖြစ်ကြောင်း၊ တစ်ခါသုံး နှာခေါင်းစည်းများမှာ သက်ကြီးရွယ်အိုဂေဟာများနှင့် စားသောက်ဆိုင်များအတွက်အဆင်ပြေကြောင်း၊ ပြန်လည်အသုံးပြု၍ ရသည့် နှာခေါင်းစည်းများမှာ ဆေးရုံများသို့သွားရောက်သည့်သူများ၊ ဖျားနာနေသူများနှင့် အသက်ရှူလမ်းကြောင်းဝေဒနာ ခံစားနေရသူများအနေဖြင့် အသုံးပြုရန်မသင့်တော်ကြောင်း၊ အစိုးရမှနှာခေါင်းစည်းများ အခမဲ့ပံ့ပိုးပေးမည်ဖြစ်သောကြောင့် နှာခေါင်းစည်း ထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် ပြည်ပသို့တင်ပို့ရောင်းချခြင်း၊ ကျောင်းများနှင့်လုပ်ငန်းရှင်များသို့ ရောင်းချခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နှာခေါင်းစည်းရောင်းချခြင်းဖြင့် အမြတ်ရရှိမှု နည်းသော်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သောကြောင့် ကျေနပ်မိကြောင်း၊ လုပ်ငန်းရှင်များ အဆင်ပြေစေရန် COVID-19 ဖြစ်ပွားမှု ပြီးဆုံးလျှင်ပင် ဒေသအစိုးရမှနှာခေါင်းစည်းများ ဝယ်ယူပေးခြင်းဖြင့် ပံ့ပိုးပေးလိမ့်မည်ဟုမျှော်လင့်ကြောင်း၊ ဟောင်ကောင်ဒေသတွင် နှစ်စဉ်တုပ်ကွေးရာသီရှိကြောင်း၊ ဒေသအစိုးရနှင့်ဆေးရုံများအနေဖြင့် ပြည်ပမှနှာခေါင်းစည်းများ ဝယ်ယူခြင်းထက် ဒေသထုတ်နှာခေါင်းစည်းများကို ဝယ်ယူပေးရန်မျှော်လင့်ကြောင်း၊ တီထွင်ဆန်းသစ်မှုနှင့်နည်းပညာဝန်ကြီး

Mr. Alfred Sit Wing-Hang က ပြောကြားရာတွင် ပြန်လည်အသုံးပြု၍ရသည့်နှာခေါင်းစည်း CuMask+ အား ၆-၅-၂၀၂၀ ရက်နေ့မှ စတင်လျှောက်ထားခဲ့ရာ ယခုအခါ ဒေသလူဦးရေ၏ (၃) ပုံ (၁) ပုံ ဖြစ်သည့် လူဦးရေ (၂.၆) မီလီယံအထိ လျှောက်ထားခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Phila Siu က “Start-ups Rethinking Plans after Face mask Giveaway” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## STOCK EXCHANGE (12.5.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 12th May. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,000 | 5,339 | 56,048,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,600 | -50 | -1.37% | 3,600 | 3,650 | 3,550 | 9,217 | 33,171,350 | 38,929,150 | 140,145 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,600 | 8,600 | 8,300 | 581 | 4,967,500 | 10,400,986 | 86,328 |
| FPB | 00004 | 24,000 | +500 | +2.13% | 23,500 | 24,000 | 23,500 | 1,350 | 31,985,500 | 2,472,053 | 59,329 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,800 | 2,750 | 978 | 2,736,700 | 12,823,224 | 35,264 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 442.37 | -0.52 | -0.12% | 441.47 | 445.64 | 432.04 | 17,465 | 128,909,550 | 5 | 605,750 |

**Index chart**




## Market Overview

As of 1:00 pm, 12th May. 2020

| MYANPIX | 442.37 ▼ 0.52 |
|---|---|
| Total Volume (shares) | 17,465 |
| Total Value (MMK) | 129 mil |
| Listed Company | 5 |
| Market Cap. (MMK) | 605,750 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,600 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 500 |
| TMH | 00005 | 2,750 | ▲ 0 |